# Highlights from DVB Debate's 100th Days Show

## August 13, 2016

## "Government's 100th Days: What will Change?"

"အစိုးရသစ် ရက် ၁၀၀ နဲ့ပတ်သက်လို့ အောင်မှတ်၊ ကျမှတ်ဆိုတာထက် အစိုးရသစ်ဟာ ရက် ၁၀၀ အတွင်း ပြည်သူနဲ့ ဘယ်လောက်နီးစပ်သွားလဲဆိုတာ အရေးကြီးတယ်။ တချို့အသီးအပွင့်တွေက ရက် ၁၀၀ အတွင်း မရနိုင်ဘူးလေ"

ဦးမင်းမင်းဦး - လက်ထောက်အတွင်းဝန်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

"အားမရတဲ့ ကိစ္စဆိုရင်တော့ စီးပွားရေးကိစ္စပဲ. စီးပွားရေးမူဝါဒ ချပြခဲ့တယ် ဒါပေမယ့် အသေးစိတ်တွေ မပါလာဘူး။ ဒါက လုံးဝအားရစရာမရှိဘူး"

ဦးစည်သူအောင်မြင့် - သတင်းစာဆရာ

---

"ရက် ၁၀၀ အတွင်း တချို့လုပ်လို့ရရဲ့သားနဲ့ မလုပ်နိုင်တာတွေတော့ ရှိတာပေါ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံး ယုန်မခါနိုင်တာ၊ နိုင်ငံရပ်ခြားရောက်နေတဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေကို ပြန်မခေါ်နိုင်တာတွေ။ ဒါပေမယ့် လက်ပံတန်းအမှုကိစ္စ ရုပ်သိမ်းခဲ့တာမျိုးဆို ပြည်သူတွေ မြင်တယ်လေ ဒါတွေဆို လုပ်နိုင်ခဲ့တယ်။"

ဦးဖေသန်း - ပြည်သူ့လွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ

---

"ကျနော်တို့ ဌာနအနေနဲ့ သယ်ယူပို့ဆောင်ရေးကိစ္စတွေ လျှပ်စစ်မီး ပိုမိုရရှိရေး ကိစ္စတွေ ဦးစားပေးလုပ်နေပါတယ်။"

ဦးမင်းမင်းဦး - လက်ထောက်အတွင်းဝန်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

"ကျနော်တို့ ဝန်ထမ်းတွေအနေနဲ့လည်း ရှိတဲ့ capacityနဲ့ အကောင်းဆုံး အရှိန်မြှင့်လုပ်နေပါတယ်"

ဦးဇော်ဝင်းနိုင် - လက်ထောက်အတွင်းဝန်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

"အစိုးရသစ်အနေနဲ့က ရက် ၁၀၀ အတွင်းမှာ ၂၁ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကို အာရုံစိုက်နေလို့ တခြားကဏ္ဍတွေမှာများ အားလျော့သွားသလားလို့လည်း သုံးသပ်မိပါတယ်"

ဦးမျိုးမြင့် - ပရိသတ်

---

"တခြမ်းပဲ့အစိုးရဖြစ်နေတယ်. သမ္မတ လက်အောက်မှာ ရှိတဲ့ ဝန်ကြီးဌာနတွေတင်မဟုတ်ဘူး ကာချုပ်ရဲ့ အောက်မှာ ရှိနေသေးတဲ့ ဝန်ကြီးဌာနတွေလည်း ရှိနေသေးတယ်လေ"

ဦးဖေသန်း - ပြည်သူ့လွှတ်တော်အမတ်၊ ရခိုင်အမျိုးသားပါတီ

---

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ငြိမ်းချမ်းရေးကိစ္စ အားပြုလုပ်နေတုန်းမှာ အခြား ဝန်ကြီးဌာနတွေကလည်း သူတို့အလုပ်သူတို့ လုပ်နေဖို့လည်း အရေးကြီးတယ်။ နောက် ၇၀ ရာနှုန်းသော လယ်သမားတွေအရေးကို ဘယ်လို စီမံချက်တွေရှိလဲ ယနေ့အထိ မကြားသေးဘူး. ကျနော်ကတော့ အစိုးရသစ် ရက် ၁၀၀ မှာ အောင်မှတ်မရဘူး အနုတ်ဖြစ်တယ်လို့ပဲ ပြောချင်တယ်"

ဦးမောင်မောင်သောင်း - လယ်ဝေးမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌ

---

"အမျိုးသားပြန်လည်သင့်မြတ်ရေးပိုင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်တို့ရဲ့ သင့်မြမှုတွေကိုတော့ အားရပါတယ်"

ဦးစည်သူအောင်မြင့် - သတင်းစာဆရာ